# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 16, 2019 | Volume 24, Number 9

| ၁၆.၁၀.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၈၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၀၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၂/- ကျပ် |
| CBM Rate | = ၁၅၃၂.၄ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၁.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၆.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၂.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၉.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၃.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၇၆ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၁၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၈၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၃၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၃၈၃ ကျပ် |

Source: CBM Rate, etrademyanmar.com

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၂ ဒသမ ၃ သန်းကျော် တင်ပို့နိုင်ခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထက် တင်ပို့မှုတန်ချိန် ၁ ဒသမ ၂ သန်းကျော်လျော့ကျ



၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၃ သန်းကျော် တင်ပို့နိုင်ခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထက် တင်ပို့မှုတန်ချိန် ၁ ဒသမ ၂ သန်းကျော် လျော့ကျခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည့် စာရင်းများအရ သိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၂ ဒသမ ၃၅၅ သန်း တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၇၀၉ ဒသမ ၆၉၃ သန်းရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည်။ ယင်းကဲ့သို့ တင်ပို့ရာတွင် နိုင်ငံပေါင်း ၆၅ နိုင်ငံသို့ ဆန်တန်ချိန် ၁ ဒသမ ၈၃၆ သန်းကျော် တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၅၇၀ ကျော်ရရှိခဲ့သည်။ နိုင်ငံပေါင်း ၄၁ နိုင်ငံသို့ ဆန်ကွဲတန်ချိန် ငါးသိန်းကျော်တင်ပို့မှုမှဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃၇ သန်းကျော် ရရှိခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဈေးကွက်သစ်များ တိုးချဲ့တင်ပို့နိုင်ခြင်းကြောင့် ပြည်ပသို့ မြန်မာ့ဆန်နှင့်ဆန်ကွဲ တန်ချိန် ၃ ဒသမ ၆ သန်း နီးပါးတင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော်အတွင်း စံချိန်တင် တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ ပြည်ပသို့ဆန်နှင့် ဆန်ကွဲတင်ပို့မှုသည် ၂၀၁၇-၂၀၁၈ ခုနှစ်နှိုင်းယှဉ်ပါက တင်ပို့မှုတန်ချိန် ၁ ဒသမ ၂ သန်းကျော်အထိ လျော့ကျခဲ့သည်။

မြန်မာနိုင်ငံမှ ဆန်ကိုပြည်ပတင်ပို့ရာ၌ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အီးယူဈေးကွက်၊ အာဖရိကဈေးကွက်သို့ တင်ပို့လျက်ရှိပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အဓိက ဆန်တင်ပို့မှုဈေးကွက်ဖြစ်သည့် တရုတ်နှင့်အီးယူနိုင်ငံတို့မှ ဝယ်ယူမှု ကျဆင်းခဲ့သဖြင့် ယခင်နှစ်များထက် ဆန်တင်ပို့မှု လျော့ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၁၉ ခုနှစ် နွေစပါးပေါ်ချိန်တွင် စပါးဈေးကျဆင်းနေခြင်းနှင့် တောင်သူများ အခက်အခဲဖြစ်နေခြင်း ကိစ္စရပ်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ဆောင်ရွက်သင့်သော ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် သိုလှောင်ရုံအခက်အခဲ၊ အဆင့်အတန်းရှိသည့်စပါးများ အခြောက်ခံရန်အခက်အခဲ၊ သယ်ယူပို့ဆောင်ရေးယာဉ် အခက်အခဲများရှိနေသဖြင့် လုပ်ငန်းတွင်ကျယ်မှု အားနည်းမှုများကို တွေ့ရှိရကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က မေ ၁၈ ရက်က ထုတ်ပြန်ခဲ့သည်။ ထို့ပြင် မြန်မာ့ဆန်စပါးကဏ္ဍသည် နယ်စပ်မှ အရောင်းအဝယ် အလွန်နည်းခြင်းနှင့် ပြည်ပ

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

တင်ပို့မှုကျဆင်းနေကြောင်း၊ ယခုအခြေအနေသည် ပုဂ္ဂလိက သက်သက်ဖြင့်သာ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ထုတ်ပြန်ခဲ့သည်။

ယခင်က တရုတ်နိုင်ငံသို့ တရားဝင်ဆန်တင်ပို့နိုင်သည့် ကုမ္ပဏီ ၁၁ ခုသာရှိခဲ့ပြီး လက်ရှိတွင် ကုမ္ပဏီ ၄၀ ကျော်ကို ထပ်မံရွေးချယ်နိုင်သဖြင့် အဆိုပါကုမ္ပဏီစာရင်းများကို တရုတ်နိုင်ငံသို့ပေးပို့ပြီးပါက တရုတ်နိုင်ငံသို့ ဆန်ပြန်လည်တင်ပို့နိုင်မည်ဖြစ်ကြောင်း ဇွန် ၂၈ ရက်က ဓနုဖြူမြို့နယ်တွင်ပြုလုပ်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံပွဲတွင် တောင်သူများလယ်သမားများ၏ မေးမြန်းမှုများ ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက ပြန်လည်ဖြေကြားရာ၌ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ အရင်က တရုတ်နိုင်ငံကို တင်ပို့ခွင့်ရရှိ တဲ့ ကုမ္ပဏီက ၁၁ ခုပဲရှိပါတယ်။ မကြာခင်က ဆန်စက်ပေါင်း တစ်ရာကျော်ကို စစ်ဆေးမှုများ ပြုလုပ်ပြီးတဲ့အခါကျတော့ ကုမ္ပဏီပေါင်း ၄၀ ကျော်ရွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒီကုမ္ပဏီတွေရဲ့ စာရင်းတွေကို တရုတ်နိုင်ငံဘက်ကို ပေးပို့ဖို့ရှိပါတယ်။ ဒီလိုစစ်ဆေးပြီးသား ဆန်စက်များရဲ့ စာရင်းရောက်သွားတာနဲ့ တရုတ်နိုင်ငံဘက်ကို တင်ပို့မှုတွေပြန်လည်တင်ပို့နိုင်မှာဖြစ်ပါတယ်ဟု ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။

**Source:** https://news-eleven.com/article/140336

## အခြေခံရည်ညွှန်းစပါးဈေးနှုန်း တင်း ၁၀၀ လျှင် ကျပ် ငါးသိန်းနှုန်း အစိုးရသတ်မှတ်



၂၀၁၉ မိုးစပါးနှင့် ၂၀၂၀ နွေစပါးရာသီအတွက် အခြေခံရည်ညွှန်း စပါးဈေးနှုန်းကို တင်း ၁၀၀လျှင် ကျပ် ငါးသိန်းနှုန်းဖြင့် အစိုးရကသတ်မှတ်ကြေညာခဲ့သည်။ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဒုတိယသမ္မတ-၂ ဦးဆောင်သည့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့မှ အခြေခံရည်ညွှန်း စပါးဈေးနှုန်းကို အောက်တိုဘာ ၁၅ ရက်တွင်သတ်မှတ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဈေးကွက်ပေါက်ဈေးသည် အခြေခံဈေးအထက်တွင် ဖြစ်ပေါ်နေသော စပါးအမျိုးအစားများအတွက် ဈေးကွက် ပေါက်ဈေးအတိုင်းသာ ဝယ်ယူရမည်ဖြစ်ပြီး၊ ဈေးကွက်ပေါက်ဈေးသည် အခြေခံဈေးအောက်တွင် ဖြစ်ပေါ်မှုရှိသော စပါးအမျိုးအစားများအတွက် အခြေခံဈေးနှုန်းအတိုင်းဝယ်ယူပေးရမည်ဟုသိရသည်။ ငါးသိန်းဈေးသတ်မှတ်တာက တောင်သူတွေအတွက် အကျိုးအမြတ်များတဲ့ဈေးမဟုတ်သော်လည်း အရှုံးတော့မရှိတော့ဘူးပေ့ါ။ ဒါပေမဲ့ အရေး ကြီးတာက ဈေးကသတ်မှတ်ရုံသတ်မှတ်ပြီး၊ မြို့နယ်တိုင်းမှာ ဒိုင်တွေဖွင့်ပြီးတော့ဝယ်ပေးတာမျိုးမဟုတ်ရင် ဆက်ပြီးတော့ ဈေးကအနှိမ်ခံနေရဦးမှာပဲဟု လယ်သမားဖွံ့ဖြိုးရေးအသင်း ဥက္ကဋ္ဌ ဦးသိန်းအောင်ကဆိုသည်။

ပြီးခဲ့သည့် ၂၀၁၈ခုနှစ်ကအစိုဓါတ် ၁၄ရာခိုင်နှုန်း အဖျင်း၊ အမော်၊ ဖုန်၊ သဲခဲ ကင်းစင်မှုရှိပြီး သတ်မှတ်အရည်အသွေးစံနှုန်းနှင့်ကိုက်ညီသည့် ၄၆ ပေါင်ကိုက် စပါးတင်း (၁၀၀)လျှင် ကျပ် (၅)သိန်းနှုန်းဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သတ်မှတ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ အဆိုပါသတ်မှတ်ချက်မှာ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် ဈေးနှုန်းအတိုင်း ပြောင်းလဲမှုမရှိကြောင်းသိရသည်။ သို့သော်ယခုနှစ်တွင် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရဖွဲ့စည်းထားသည့် ဦးဆောင်အဖွဲ့မှ သတ်မှတ်ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်သည်။

အခြေခံရည်ညွှန်းဈေးဖြင့်ရောင်းချဖို့ရန် အခက်အခဲရှိနေသည့် နေရာဒေသများတွင် နိုင်ငံတော်အစိုးရက ဖွဲ့စည်းပေးထားသည့် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့နှင့် ဆန်စပါးဝယ်ယူရေး အဖွဲ့များက ဝယ်ယူပေးသွားရန် ပြင်ဆင်ဆောင်ရွက်နေသည်ဟုသိရပြီး၊ အစိုးရအနေဖြင့် ယင်းအစီအစဉ်အတွက် ရန်ပုံငွေကျပ် ၁၅ ဘီလီယံ ထဲမှ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ယင်းနှင့်ဆက်စပ်သည့် ဝယ်ယူရေးနှင့်သိုလှောင်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းအသင်းက အသိပေးထုတ်ပြန်ထားသည်။ အခြေခံစပါးဈေးနှုန်းအတိုင်း ရောင်းချရန်အခက်အခဲရှိနေသည့် တောင်သူများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းသိရသည်။ အစိုးရအနေဖြင့် စပါးတင်း ၁၀၀ လျှင် ကျပ် ၅ သိန်းနှုန်းဖြင့် ဝယ်ယူရန်သတ်မှတ်ခဲ့သော်လည်း လက်ရှိစပါးပေါ်ချိန်တွင် ပြည်ပဝယ်လိုအားလျော့ကျခဲ့ခြင်းကြောင့် ဆန်လက်ကျန်များပြီး ဈေးနှုန်းကျဆင်းနေကြောင်း ဈေးကွက်အတွင်းကသိရသည်။

**Source:** http://www.mizzimaburmese.com/article/61477

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၆ သန်းခန့် တင်ပို့ထားပြီး ယခင်နှစ်ကာလတူထက် တန်ချိန်လေးသိန်းနီးပါး ပိုမိုတင်ပို့ထား



၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၆ သန်းခန့်တင်ပို့ထားပြီး ယခင်နှစ်ကာလတူထက် တန်ချိန်လေးသိန်းနီးပါးပိုမိုတင်ပို့ထားကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က The Daily Eleven သတင်းစာသို့ ပြောကြားသည်။ ပဲမျိုးစုံက လက်ရှိက ၁ ဒသမ ၆ သန်း လောက် ပို့ထားတယ်။ ပဲမျိုးစုံမှာ တန်ချိန် ၃၈၀၀၀၀ကျော် လေးသိန်းနီးပါးလောက် တိုးပြီးတင်ပို့ထားတယ်။ ပဲက တန်ဖိုးအနေနဲ့ ၁ ဒသမ ၀၂၆ ဘီလျံရရှိ ထားတယ်။ ကာလတူနဲ့ယှဉ်ရင် ၃၅၁ သန်းလောက် ပိုပို့ထားတယ်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က The Daily Eleven သတင်းစာသို့ပြောကြားသည်။

ပြည်တွင်းဈေးကွက်အတွင်း အောက်တိုဘာ ၁၀ ရက်က မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၈၄၅၀၀၀ နှင့် SQ တစ်တန်လျှင် ကျပ် ၉၉၅၀၀၀ ဈေး ရှိခဲ့ကြောင်း ဘုရင့်နောင် ကုန်စည်ဒိုင်မှ သိရသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၄ ရက်က မတ်ပဲဈေး FAQတစ်တန်လျှင် ကျပ် ၈၅၃၀၀၀ နှင့် SQ တစ်တန်လျှင် ကျပ် ၁၀၁၅၀၀၀ ဈေး ရှိခဲ့သည်။ စက်တင်ဘာ ၆ ရက်က မတ်ပဲဈေး FAQ တစ်တန်လျှင် ကျပ်၇၂၅၀၀၀ နှင့် SQ တစ်တန်လျှင် ကျပ် ၈၆၂၀၀၀ ဈေး၊ စက်တင်ဘာ ၉ ရက်တွင် မတ်ပဲဈေး FAQ တစ်တန် လျှင် ကျပ် ၇၄၅၀၀၀ နှင့် SQ တစ်တန်လျှင် ကျပ် ၈၈၂၀၀၀ ဈေး ရှိခဲ့သည်။ မြန်မာနိုင်ငံမှ ပြည်ပသို့ ပဲတင်ပို့မှုတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၅၆၁၇၆၆၊ တန်ဖိုးဒေါ်လာ ၆၇၂ ဒသမ ၂၈၈ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန် ချိန် ၅၂၇၉၆၅ ၊ တန်ဖိုးဒေါ်လာ ၃၄၄ ဒသမ ၀၄၃ သန်း၊၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဩဂုတ်လ ၁၆ ရက်အထိ တန်ချိန် ၅၂၃၁၇၇ တန်ဖိုး ဒေါ်လာ ၂၇၃ ဒသမ ၉၁၂ သန်း တင်ပို့နိုင်ခဲ့ပါတယ်။ လက်ရှိပျမ်းမျှ တစ်တန်ဈေးနှုန်း သည် ၇၈၅၃၃၂ ကျပ်ခန့်ဖြစ်လို့ မတ်ပဲစိုက် တောင်သူများအတွက် အကျိုးအမြတ်ရှိနိုင်တဲ့ဈေးနှုန်းဖြစ်ပါတယ်" ဟု စီးပွားရေးနှင့်ကူး သန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ဒုတိယဝန်ကြီး ဦးအောင်ထူးက ဆိုသည်။

မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များတွင် နိုင်ငံခြားငွေအများဆုံး ရှာဖွေပေးလျက်ရှိသည့် ပဲမျိုးစုံ တိုးချဲ့တင်ပို့နိုင်ရေး အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများအနေဖြင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ထပ်မံသွားရောက်ခဲ့ပြီး ပဲမျိုးစုံအား နှစ်နိုင်ငံ G to G လက်မှတ်ရေးထိုး တင်ပို့နိုင်ရေး ထပ်မံညှိနှိုင်းခဲ့ကြပြီး G to G မတိုင်မီ အချက်သုံးချက်တောင်းဆိုခဲ့ကြောင်း၊ ပထမအချက်အနေဖြင့် ယခုနှစ် အတွက် တင်သွင်းခွင့်ခွဲတမ်းထုတ်ပြန်ချက်အား မတ်လကုန်၌ ထုတ်ပြန်ပေးရန်၊ ဒုတိယအချက်အနေဖြင့် မတ်ပဲကိုခွဲတမ်းပို၍ သတ်မှတ်ပေးရန်နှင့် တတိယအချက်အနေဖြင့် ခွဲတမ်းကိုသုံးလသာမဟုတ်ဘဲ တစ်နှစ်ပတ်လုံးတင်သွင်းခွင့်ပြုပေးရန် တောင်းဆိုခဲ့ကြောင်း ၎င်းကဆိုသည်။ ယင်းသို့ တောင်းဆိုခဲ့သည့်အတွက် အိန္ဒိယနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ် မတ် ၂၉ ရက်တွင် ပဲတီစိမ်းတန်ချိန် ၁ ဒသမ၅ သိန်း၊ မတ်ပဲတန်ချိန် ၁ ဒသမ ၅ သိန်း၊ ပဲစင်းငုံတန် ချိန်နှစ်သိန်း၊ ပဲလုံးတန်ချိန် ၁ ဒသမ ၅ သိန်း တင်သွင်းခွင့်ပြုကြောင်းသိရသည်။

**Source:** https://news-eleven.com/article/139849

## ဆန်ချောဈေး ကိုးလအတွင်း ၂၀ ရာခိုင်နှုန်းကျော် မြင့်တက်

ပြည်တွင်း၌ အဓိကစား သုံးသည့် ပေါ်ဆန်းကဲ့သို့ဆန်ချော ဈေးနှုန်းသည် ယခုနှစ်ကိုးလအတွင်း ၂၀ ရာခိုင်နှုန်းကျော်မြင့် တက်သည်။မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသော ဈေးနှုန်းစာရင်းများအရ ဇန်နဝါရီတွင် ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၄၈၀၀၀ ဈေးရှိသော်လည်း စက်တင်ဘာတွင် ကျပ် ၆၂၀၀၀ မှ ၆၇၀၀၀ အကြားဈေး မြင့်တက်သည်။ မြန်မာနိုင်ငံတွင် ပေါ်ဆန်းကဲ့သို့ ဆန်ချောများသည် နှစ်စဉ် နိုဝင်ဘာ၊ ဒီဇင်ဘာ၌ အသစ်ပေါ်ခြင်းကြောင့် ယခုအချိန်သည်ဈေး အမြင့်ဆုံးဖြစ်သည်ဟု ဆန်ကုန်သည်အချို့ကပြောသည်။ ဆန်ချောဈေးမြင့်တက်သော်လည်း ဆန်ကြမ်းသည် ပြည် တွင်းလက်ကျန်များနေသဖြင့် ဈေးအနည်းငယ်သာမြင့်တက်သည်။ ဆန်ကြမ်းရှယ် တစ်အိတ်လျှင် လက်ရှိပြည်တွင်းဈေးကွက် ၌ ကျပ် ၂၃၀၀၀ ခန့် ရှိပြီးယခု နှစ် ဆန်းပိုင်းက ကျပ် ၂၁၅၀၀ ခန့် သာဈေးရှိကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်မှ ကုန်သည် အချို့ကပြောသည်။ ယခုနှစ်တွင် ပြည်တွင်းစားသုံးသည့် ဆန်ချောဈေးသာမြင့်တက်ပြီး ပြည်ပတင်ပို့သည့် ဆန်ကြမ်း ၂၅ မှတ်ဈေးနှုန်းတည်ငြိမ်နေသည်။

ပြည်ပဆန်တင်ပို့မှုသည်လည်း ပုံမှန်အခြေအနေတွင်သာရှိနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးကပြောသည်။ လက်ရှိတွင် တရုတ်နိုင်ငံက နယ်စပ်ကုန်သွယ်ရေးဖြင့် မြန်မာနိုင်ငံမှ ဆန်ဝယ်ယူရာ၌ ယူနန်ပြည်နယ် အစိုးရခွင့်ပြုချက်ဖြင့် တစ်ရက်လျှင် အိတ် ၂၀၀၀၀ (တန် ၁၀၀၀) သာရှိကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင်အသင်းဝင် ဦးမင်းသိန်းက ပြောသည်။ နယ်စပ်မှာက အလုပ်ကမကောင်းဘူးဟု ဦးမင်းသိန်းကပြောသည်။ ပြည်ပတင်ပို့မှုအားလျော့နေခြင်းကြောင့် ယခုနှစ်မိုးစပါးပေါ်ချိန်တွင် စပါးဈေးနှုန်း တင်း ၁၀၀ လျှင် ကျပ်သုံးသိန်းခွဲမှ လေး သိန်းလေးသောင်းအကြားရှိသည်။

**Source:** https://www.7daydaily.com/detail?id=168460

## ဂျပန်နိုင်ငံမှ ဆူဇူကီးနှင့် တိုယိုတာကုမ္ပဏီတို့ လာရောက် ရင်းနှီးမြှုပ်နှံနေပြီဖြစ်သည့် သီလဝါ အထူးစီးပွားရေးဇုန်သည် အနာဂတ် မော်တော်ယာဉ်ထုတ်လုပ်မှု ဈေးကွက်တွင် အရေးပါသည့် အထူးစီးပွားရေးဇုန်တစ်ခု ဖြစ်လာနိုင်မည်ဟု မျှော်လင့်ထား




ဂျပန်နိုင်ငံမှ ဆူဇူကီးနှင့်တိုယိုတာကုမ္ပဏီတို့ လာရောက် ရင်းနှီးမြှုပ်နှံနေပြီဖြစ်သည့် သီလဝါ အထူးစီးပွားရေးဇုန်သည် အနာဂတ် မော်တော်ယာဉ်ထုတ်လုပ်မှု ဈေးကွက်တွင် အရေးပါသည့် အထူးစီးပွားရေးဇုန်တစ်ခု ဖြစ်လာနိုင်မည်ဟု မျှော်လင့်ထားကြောင်း Myanmar Japan Thilawa Development Ltd (MJTD) ၏ President & CEO ဖြစ်သူ Mr. Tomoyasu SHIMIZU က ပြောကြားသည်။ ဂျပန်နိုင်ငံမှာ အောင်မြင်နေတဲ့ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်တဲ့ ကုမ္ပဏီဖြစ်တဲ့ ဆူဇူကီးနဲ့တိုယိုတာ ကုမ္ပဏီနှစ်ခုက ဝင်ရောက်နေပြီဖြစ်ပြီး ဆူဇူကီးစက်ရုံက သီလဝါမှာ လုပ်ငန်းတိုးချဲ့ဆောင်ရွက်မှုတွေပါ လုပ်ဆောင်နေတာဖြစ်လို့ အနာဂတ်မှာ မော်တော်ယာဉ်ထုတ်လုပ်မှုဈေးကွက်မှာ အရေးပါတဲ့အထူးစီးပွားရေးဇုန်တစ်ခုဖြစ်လာဖို့မျှော်လင့်ထားပါတယ်" ဟု MJTD ၏ President & CEO ဖြစ်သူ Mr. Tomoyasu SHIMIZU က ပြောကြားသည်။

ဆူဇူကီးမှ မြန်မာနိုင်ငံ ဈေးကွက်တွင် ၂၀၁၉ ဩဂုတ်လကုန်ထိ မော်တော်ယာဉ်အစီးရေ ၁၀၄၂၈ စီး ထုတ်လုပ်ရောင်းချခဲ့ပြီး လာမည့် ၂၀၂၀ ပြည့်နှစ်တွင် မော်တော်ယာဉ် အစီးရေ ၁၅၀၀၀ အထိ ထုတ်လုပ်ရောင်းချနိုင်မည်ဟု ခန့်မှန်းထားကြောင်း Suzuki Thilawa Motor Co.,Ltd ၏ Managing Director ဖြစ်သူ KEIICHI ASANO က စက်တင်ဘာ ၂၆ ရက်က ပြောကြားသည်။ ဆူဇူကီးမှ တစ်ရက်လျှင် မော်တော်ကား ၄၈ စီး တပ်ဆင်ထုတ်လုပ်လျက်ရှိပြီး ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံ ဈေးကွက်တွင် မော်တော်ယာဉ် အစီးရေ ၁၁၆၉၁ စီး ထုတ်လုပ်ရောင်းချခဲ့ပြီး ၂၀၁၉ ဩဂုတ်လကုန်ထိ မော်တော်ယာဉ်စီးရေ ၁၀၄၂၈ စီး ထုတ်လုပ်ရောင်းချခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ ကျွန်တော်တို့ Suzuki Thilawa Motor Co.,Ltd အနေနဲ့ ၂၀၁၉ ဩဂုတ်လကုန်အထိ မော်တော်ယာဉ်အစီးရေ ၁၀၄၂၈ စီး ထုတ်လုပ်ခဲ့ပြီး လာမယ့် ၂၀၂၀ ပြည့်နှစ်မှာတော့ မော်တော်ယာဉ်စီးရေ ၁၅၀၀၀ အထိ ထုတ်လုပ်ရောင်းချနိုင်မယ်လို့ မျှော်မှန်းထားပါတယ်ဟု Suzuki Thilawa Motor Co.,Ltd ၏ Managing Director ဖြစ်သူ KEIICHI ASANO က စက်တင်ဘာ ၂၆ ရက်က ပြောကြားသည်။

Suzuki Thilawa Motor Co.,Ltd ၏ မော်တော်ကားတပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းသည် ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကာ လက်ရှိတွင် စုစုပေါင်းလုပ်သားအင်အား ၃၀၀ ကျော်၊ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃၅ သန်းဖြင့် တစ်ရက်လျှင် မော်တော်ကား ၄၈ စီး တပ်ဆင်ထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်အတွင်း ဆူဇူကီးမှ မြန်မာနိုင်ငံဈေးကွက်တွင် မော်တော်ယာဉ်အစီးရေ ၁၁၆၉၁ စီး ထုတ်လုပ်ရောင်းချခဲ့ရပြီး ယင်းပမာဏမှာ သတ်မှတ်ရည်မှန်းချက်ထက် ကျော်လွန်ရောင်းချခဲ့ရခြင်းဖြစ်ပြီး အနာဂတ်တွင် မြန်မာနိုင်ငံအနေဖြင့် ယာဉ်အစီးရေ တစ်သန်းအထိ ဝယ်ယူသုံးစွဲနိုင်မည့်ဈေးကွက်ရှိနေကြောင်း Suzuki Motor Corporation ၏ President ဖြစ်သူ Toshihiro Suzuki ၏ ပြောကြားချက်အရ သိရသည်။ တိုယိုတာက ဒေါ်လာ ၅၂ ဒသမ ၆ သန်း ရင်းနှီးမြှုပ်နှံကာ သီလဝါ အထူးစီးပွားရေးဇုန်၌ စက်ရုံတည်ဆောက်ပြီး ၂၀၂၁ ခုနှစ်မှ စတင်ကာ တစ်နှစ်လျှင် Toyota Hilux အစီးရေ ၂၅၀၀ အား SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း တိုယိုတာမော်တော်ကော်ပိုရေးရှင်းမှ ပြီးခဲ့သည့် မေလကသတင်း ထုတ်ပြန်ထားသည်။ သီလဝါအထူးစီးပွားရေးဇုန် (B) ၌ တိုယိုတာက စက်ရုံတည်ဆောက်ပြီး ၂၀၂၁ ခုနှစ်မှ စတင်ကာ မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်ရန်မြေ ၂၁ ဟက်တာအားရယူထားကြောင်း Myanmar-Japan Thilawa Development ကုမ္ပဏီလီမိတက်မှ သတင်းရရှိသည်။ **Source:** https://news-eleven.com/article/140238

## ဈေးကွက်အတွင်း နှမ်းမျိုးစုံဝင်ရောက်မှု များပြားခြင်းကြောင့် ဈေးနှုန်းအနည်းငယ်ကျ




နှမ်းစိုက်ပျိုးမှုများပြားသော မကွေးတိုင်းဒေသကြီး ဈေးကွက်အတွင်းသို့ နှမ်းရောင်စုံအသစ်များ ဝင်ရောက်မှုမြင့်တက်လာခြင်းကြောင့် ဈေးနှုန်းအနည်းငယ် ကျဆင်းလျက်ရှိကြောင်း ကုန်သည်များထံမှသိရသည်။ မိုးနှမ်းဆိုတော့ အစိုဓာတ်များတယ်။ ဒါကြောင့် ဈေးခွာပေးဝယ်ကြတယ်။ စမုန်နှမ်းနက် ၄၅ ပိဿာရှိ သုံးတင်းဝင်တစ်အိတ်ကို ကျပ် ၂၂၀၀၀၀ ကနေ ကျပ် ၂၃၅၀၀၀ ရှိတာကနေ တစ်အိတ်ကို ကျပ် ၄၀၀၀ လောက် ကျဆင်းလာတယ်။ နှမ်းဖြူကတော့ တရုတ်ကအဝယ်လိုက်လာလို့ ဈေးကောင်းရတယ်။ တစ်အိတ်ကို ကျပ် ၂၀၀၀လောက် ဈေးတက်တယ်။ ကျန်တဲ့ အမျိုးအစားတွေကတော့ တစ်အိတ်ကို ကျပ် ၁၀၀၀ လောက် ဈေးကျဆင်းတယ်ဟု မကွေးရှိ နှမ်းကုန်သည် ဦးအောင်မိုးကပြောသည်။

နှမ်းရောင်စုံ ဈေးကွက်အတွင်း နှမ်းနက် (စမုန်) ၄၅ ပိဿာရှိ တစ်အိတ်လျှင် ကျပ် ၂၄၂၀၀၀၊ နှမ်းပြာအသန့် တစ်အိတ်လျှင် ကျပ် ၂၁၅၀၀၀ မှ ကျပ် ၂၁၃၀၀၀ ခန့်၊ နှမ်းဖြူတစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ နှမ်းနီတစ်အိတ်လျှင် ကျပ် ၁၃၆၀၀၀ အသီးသီးရှိနေသည်။ နှမ်းကို တရုတ်နိုင်ငံက ပုံမှန်ဝယ်ယူနေတယ်။ သူတို့ ဝယ်ယူနေတဲ့ နှမ်းနက် (စမုန်) က ပြည်တွင်းမှာ ပေါနေတာကြောင့် ဈေးကျလာပါ။ အဝယ်လျော့ကျသွားလို့ မဟုတ်ပါဘူး။ နှမ်းဖြူကတော့ အဝယ်လည်းများသလို ပစ္စည်းကလည်း များများမရှိတာ ကြောင့် ဈေးတက်လာတာပါ။ ဈေးနှုန်းအတက်၊ အကျ ခန့်မှန်းဖို့ကတော့ခက်တယ်။ ဒါပေမယ့် အတက်၊ အကျ သိသိသာသာပြောင်းလဲနိုင်ဖို့မရှိပါဘူးဟု မန္တလေးဈေးမင်းသားပွဲရုံ လုပ်ငန်းပဲမျိုးစုံနှင့်နှမ်းကုန်သည် ဦးမျိုးဆွေကပြောသည်။

ထို့ပြင် နှမ်း၏ အလေးချိန်မပျောက်ရေးကိုပဲ ဦးစားပေးဆောင်ရွက်ရသလို ဖုန်သဲခဲနည်းလျှင် အရည်အသွေးကောင်းခြင်းကြောင့် ဈေးကျဆင်းမှုကို ထိန်းသိမ်းထားနိုင်ကြောင်းပြောသည်။ မြန်မာနိုင်ငံရှိ ဆီထွက်သီးနှံများအနက် နှမ်းသည် စိုက်ကေ အများဆုံးဖြစ်သည်။ ဆီထွက်သီးနှံစုစုပေါင်း စိုက်ကေ၏ ၅၁ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။ မြန်မာ့နှမ်းကို နယ်စပ်လမ်းကြောင်းအပြင် ပင်လယ်ရေကြောင်းမှ တရုတ်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ ဗီယက်နမ်၊ ဘူဂေးရီးယား၊ ဖိလစ်ပိုင်၊ နယ်သာလန်၊ မလေးရှားနှင့် ယူအေအီးနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/news/8021774

## အခွန်မူဝါဒအသစ်ကြောင့် ရန်ကုန်ကားဈေးကွက် ပြန်လည်ကောင်းမွန်လာ



ရန်ကုန်မြို့ကားဈေးကွက်၏ မိုးရာသီအကုန် စက်တင်ဘာလကုန်ခန့် အခြေအနေမှာ အခွန်မူဝါဒအသစ်အရလည်းကောင်း၊ သက်ဆိုင်ရာဌာနမှ သိမ်းဆည်းယာဉ်များအား သတ်မှတ်ချက် ပြန်လည်လျှော့ပေါ့ပေးခြင်းကြောင့် လည်းကောင်း ဈေးကွက်ထဲတွင် လတ်တလောအရောင်းအဝယ် အေးသလို ဖြစ်နေသော်လည်း ပြန်လည်ဈေးကွက်ကောင်းမွန်လာမည့် အရိပ်အယောင်တွေ့မြင်ရကြောင်း သိရှိရသည်။ လတ်တလောရန်ကုန်မြို့ ကားဈေးကွက်ထဲတွင် ယခင်လများကစ၍ သတင်းပေါ်ပေါက်လာပြီး စောင့်မျှော်ခဲ့ကြသည့် အခွန်ဆိုင်ရာ ဥပဒေအရသိန်းကျပ် ၁၀၀၀ အထိ ၃ ရာခိုင်နှုန်းပေးဆောင်ရန် သတ်မှတ်ချက်မှာ တရားဝင်ဖြစ်ပေါ်လာသဖြင့် ကားလောကသားများအတွက် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်ခဲ့ပြီး ထိုဝင်ငွေခွန်သုံးရာခိုင်နှုန်းထမ်း ဆောင်မှုအပေါ်အခြေခံ၍ မိမိအမည်ပေါက်ပြောင်းလဲလိုသူများပြားလာခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းတွင် ထုတ်လုပ်တပ်ဆင်နေသော အက်စ်ကေဒီကားများ၏ ဝင်ငွေခွန်ထမ်းဆောင်ရာတွင်လည်း ယခင်ကထက် ကျပ်သိန်း ၂၀ /၃၀ သက်သာသွားသဖြင့် အခွန်ဥပဒေအတည်ဖြစ်ကြောင်းကြားသိပြီးနောက် သက်ဆိုင်ရာ အရောင်းပြခန်းများတွင် ကားမှာယူသူများ ပိုမိုများပြားလာတယ်လို့ ကားဝယ်ရောင်းလုပ်ငန်းရှင်တွေထံကသိရပါတယ်။ ကားဈေးကွက်အတွက် အကျိုးရှိမည့်သက်ရောက်မှုများဖြစ်ပေါ်လာသဖြင့် ယာယီအားဖြင့် အသစ်တပ်ဆင်ကားများဘက် အားသာနေကာ ဂျပန်ညာမောင်းကားလေးများ ဈေးကွက်ထဲတွင် ယခင်ဈေးတန်းလောက် ခေါ်ယူမှုမရှိတော့ဘဲ ယခုအခါ ကျပ်သိန်း

၁၀ ဝန်းကျင် ဂရိတ်လျော့သည့် ကားဆိုလျှင် ၁၅ သိန်းဝန်းကျင်လျှော့ပေါ့ ရောင်းချလာပြီး အခြေအနေမှာ ဈေးကွက်စောင့်ကြည့်သူများသဖြင့် ထင်သလောက် အရောင်းအဝယ်မဖြစ်သေးကြောင်း၊ လက်ငင်းငွေလိုအပ်သူနှင့် ကားအလဲအလှယ်လုပ်မည့်လူသာရောင်းကြ/ဝယ်ကြကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်ကပြောသည်။ ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှယခုနှစ် မိုးဦးကျကာလမှစ၍ ယာဉ်စစ်ဆေးရာတွင် မူမမှန်ကားများအား သိမ်းဆည်းအရေးယူသည့် အခြေအနေတစ်ရပ်မှ စက်တင်ဘာ နောက်ဆုံးပတ်တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ကာ မူမမှန်သဖြင့် သိမ်းဆည်းခံရသည့် ဖောက်စွပ်ကားများအား မူလပိုင်ရှင်များ နစ်နာမှုမရှိစေရေးအတွက် ယာဉ်ဟောင်းအပ်နံ့စလစ်ထုတ်ပေးကာ ပြန်လည်အခွင့်အရေးပေးလာသည့်အတွက် ကားလောကသားများ အားလုံးကျေနပ်စရာဖြစ်လာခဲ့ပြီး လက်ရှိမြင့်တက်နေပြီး ကျပ်သိန်း ၁၄၀ ဝန်းကျင်သို့ ရောက်ရှိနေသော စလစ်ဈေးတန်းမှာ အဆိုပါသိမ်းဆည်းခံကားများ စီးရေ ၃၀၀ ကျော်ရှိသည့်အတွက် ယင်းစလစ်များ ဈေးကွက်တွင်းဝင်ရောက်လာပါက ဈေးတန်းမှာ ၁၅ သိန်း၊ သိန်း ၂၀ ခန့် ကျဆင်းလာနိုင်ပြီး သီတင်းကျွတ်ကာလနောက်ပိုင်း ပွင့်လင်းရာသီတွင် ကားဈေးကွက်ပြန်လည် အရောင်းအဝယ်ကောင်းမွန်လာနိုင်ကြောင်း သုံးသပ်ကြသည်။

**Source:** https://www.facebook.com/SFJWeekly/posts/2722271384526803?__tn__=K-R

## ဗီယက်နမ်က သစ်သီးဝလံကို အဓိကလယ်ယာကုန်စည်အဖြစ် သတ်မှတ်

ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးအာဏာပိုင်များသည် စပါးထုတ်လုပ်မှုထက် တန်ဖိုး ရှိစ်ဆ၊ ကိုးဆ ပို၍ဖန်တီးပေးသော သစ်သီးဝလံကို အဓိကလယ်ယာကုန်ပို့ကုန်အဖြစ် စာရင်းသွင်း သတ်မှတ်လိုက်ကြောင်းသိရသည်။ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် သစ်သီးဝလံကို ယခုနှစ်တွင် ပင်လယ်စာ၊ ဆန်၊ သီဟိုဠ်စေ့၊ ကျွန်း၊ ပရိဘောဂ၊ ကော်ဖီ၊ ရော်ဘာနှင့် ငရုတ်ကောင်း တို့နည်းတူ အဓိကလယ်ယာပို့ကုန်အဖြစ် စာရင်းသွင်းခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ဈေးကွက်မှာ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်ဝယ်လိုအားဟာ နှစ်စဉ် ၃ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်နေပါတယ်။ ဒါကြောင့် ဗီယက်နမ်အတွက် သစ်သီးဝလံတွေကို ကမ္ဘာ့ဈေးကွက်အထိတင်ပို့နိုင်ဖို့ အခွင့်အလမ်းကြီးတစ်ခုပါပဲဟု ဝန်ကြီးဌာနတာဝန်ရှိသူတစ်ဦးကပြောသည်။ လက်ရှိတွင် ဗီယက်နမ်က နိုင်ငံပေါင်း ၆၀ သို့ သစ်သီး တင်ပို့လျက်ရှိသည်။

သစ်သီးဝလံတင်ပို့မှုဝင်ငွေမှာ ၂၀၁၇ ခုနှစ်က ကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလျံ ရှိခဲ့ပြီး ယခုနှစ်တွင် ဒေါ်လာ ၃ ဒသမ ၆ ဘီလျံအထိ ရရှိရန် မျှော်မှန်းထားသည်။ ကမ္ဘာ့သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဈေးကွက်မှာ ၂၀၁၆ မှ ၂၀၂၁ ခုနှစ်အတွင်း ၂ ဒသမ ၉ ရာခိုင်နှုန်း နီးပါး ကြီးထွားလာမည်ဟု ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ခန့်မှန်းထားသည်။ ဗီယက်နမ်၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုတန်ဖိုးမှာ စုစုပေါင်း ကမ္ဘာ့ဈေးကွက်တန်ဖိုး ဒေါ်လာ ၂၇၀ ဘီလျံအနက် တစ်ရာခိုင်နှုန်းမျှသာရှိသေးရာ တိုးတက်ရန်အလားအလာ များစွာရှိနေသေးသည်။ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်စိုက်ဧရိယာဟာ စပါးစိုက်ဧရိယာရဲ့ ၄၀ ရာခိုင်နှုန်း လောက်ပဲရှိပေမယ့် ပို့ကုန်ဝင်ငွေမှာတော့ ဆန်တင်ပို့မှုကရတဲ့ငွေထက် ပိုများပါတယ်ဟု စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး Nguyễn Xuân Cường က ယခုနှစ်ဦးပိုင်းက ပြောခဲ့သည်။ ဗီယက်နမ်သည် ယခုနှစ် ပထမခုနှစ်လတွင် ဆန်တန်ချိန် လေးသန်းကျော် တင်ပို့ပြီး ဝင်ငွေ ဒေါ်လာ ၁ ဒသမ ၇၃ ဘီလျံ ရရှိခဲ့ရာ ယခင်နှစ် အလားတူကာလ၏ ဝင်ငွေထက် ၁၄ ဒသမ ၃ ရာခိုုင်နှုန်းနိမ့်ကျခဲ့သည်။

**Source:** https://www.facebook.com/myanmaawba/?ref=page_internal

## အခေါက်ရွှေ ကျပ် ၁၀ သိန်းအောက် ပြန်လည်ကျဆင်းနိုင်ခြေမရှိသေး

အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀ သိန်းအောက်သို့ ပြန်လည် ကျဆင်းနိုင်ခြေမရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌဦးမျိုးမြင့်က အောက်တိုဘာ ၁၅ ရက်က မြန်မာတိုင်းမ်နေ့စဉ်သို့ခန့်မှန်းပြောဆိုသည်။ ရွှေဈေးကတောက်လျှောက်ကျနေတာပဲ။ ၁၃ သိန်းကျော်အထိ တက်ထားပြီးပြီးဆိုတော့ ၁၁ သိန်းအောက်ပြန်ရောက် အောင်တော့ တဖြည်းဖြည်းဆွဲချနေတယ်။ ဈေးက ကျသင့်သလောက်မကျဘူး။ ၁၁ သိန်းအောက်တော့ ကျဖို့ရှိပါတယ်။ ၁၀ သိန်းဝန်းကျင်အထိတော့ လောလောဆယ်မကျနိုင်သေးဘူး။ တဖြည်းဖြည်း တအိအိပဲသွားနေတယ်။ ကမ္ဘာ့ရွှေဈေးကလည်းကျတယ်။ ပြည်တွင်းဒေါ်လာဈေးကလည်း ပြန်ကျတယ်။ တစ်ခုရှိနေတာက ငွေဖောင်းပွတဲ့ နှုန်းက နည်းနည်းတက်တယ်ဆိုပြီး ပညာရှင်တွေက ခန့်မှန်းနေကြတယ်။ လတ်တလောကတော့ ၁၂ သိန်းအောက်ကျအောင် ကြိုးစားပေးနေကြတယ်"ဟု ၎င်းက ပြောဆိုသည်။

ပြီးခဲ့သည့် စက်တင်ဘာပထမပတ်က ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှု၊ ဘဏ်များ၏ဂယက်နှင့် အခြားသောအခြေအနေများကြောင့် ပြည်တွင်းအခေါက်ရွှေအဝယ်လိုက်ကာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၃၀၇၀၀၀ အထိ စံချိန်တင်မြင့်တက်

ခဲ့ပြီး ရွှေဈေးကွက်အတွင်းသို့ အထူးစုံစမ်းစစ်ဆေးရေး (စစစ)မှ ဝင်ရောက်စစ်ဆေးပြီးနောက် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၃ သိန်းအောက်သို့ ပြန်လည်ကျဆင်းခဲ့သည်။ ရွှေဝယ်ရောင်းလုပ်ငန်းကို ကမ္ဘာ့အဆင့်မီလုပ်ပေးနိုင်ရင်တော့ အတော်လေးပြန်ကျသွားမှာ။ ရွှေသွင်းတဲ့ ထုတ်တဲ့ဟာတွေက ဥပဒေအရ မငြိမ်သေးဘူးဖြစ်နေတယ်။ လောလောဆယ် တော့ ဈေးနှုန်းကိုတော့ အောက်ကျအောင် ဆွဲထိန်းပေးနေတယ်။ ရွှေထုတ်ရွှေသွင်းလုပ်ငန်းကို တရားဝင်လုပ်လို့ရမယ်ဆိုရင် ရွှေဈေးက အာဆီယံမှာလည်း ညီသွားမယ်။ ကမ္ဘာ့ဈေးနဲ့လည်း ညီသွားမယ်ဟု ၎င်းကဆက်လက်ပြောဆိုသည်။ အောက်တိုဘာ ၁၅ ရက်က ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၂၀၀၀ ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၄၉၃ ဒေါ်လာဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/129641.html

## ပြည်ပကသကြားများ တရားမဝင် ဝင်ရောက်ခြင်းကို တားဆီးပေးရန် တောင်သူများတင်ပြထား




ကြံစိုက်တောင်သူများက ပြည်ပက သကြားများ တရားမဝင် ဝင်ရောက်နေခြင်းကို ထိရောက်စွာ စိစစ်တားဆီးပေးရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံ စာတင်ထားကြောင်းသိရသည်။ ပြည်တွင်း သကြားဈေး ကျဆင်းနေခြင်းကြောင့် ကြံဈေးနှုန်းလိုက်ပါ ကျဆင်းနေရခြင်းအပြင် ပြည်ပက တရားမဝင် ဝင်ရောက်နေခြင်းကလည်း အခြေအနေကို ပို၍ ဆိုးရွားလာစေကြောင်း တောင်သူများက ဆိုသည်။ မန္တလေးတိုင်းဒေသကြီး၊ တကောင်းမြို့နယ်ရှိ ကြံစိုက်တောင်သူ ဦးကိုကိုလတ်က သကြားတစ်ပိဿာကို ကျပ် ၉၀၀ အထိ ကျဆင်းနေတယ်။ ဈေးကျဆင်းနေတဲ့ အကြောင်းကလည်း ပြည်ပက သကြားတွေ ကိုယ့်တိုင်းပြည်ထဲမှာ မလိုအပ်ဘဲဝင်နေတာဖြစ်တယ်။ လိုအပ်သလောက် သွင်းတယ်ဆိုတာတွေကလည်း လိုအပ်သလောက် နည်းနည်းလေးကို များများတွေဝင်နေကြတယ်။ ဒါလေးတွေကို စိစစ်ပေးမှသာ တောင်သူတွေရဲ့ ကြံလုပ်ငန်း၊ သကြား လုပ်ငန်းတွေဆက်ပြီးတော့ ရပ်တည်နိုင်မယ်။ မဟုတ်ရင်တော့ ကြံတောင်သူတွေ ဘဝပျက်လိမ့်မယ်ဟု ပြောသည်။ ထိုင်းနိုင်ငံ ဘက်မှ တရားမဝင် ဝင်လာသည့် သကြားများကို တစ်ပိဿာလျှင် ကျပ် ၇၀၀ ဖြင့် ရောင်းချလျက်ရှိနေကြောင်း၊ ပြည်တွင်းက ထွက်ရှိသည့် သကြားမှာ တစ်ပိဿာလျှင် ကျပ် ၉၀၀ ခန့်သာရှိနေ၍ ဈေးနှုန်းကွာဟချက်ကြောင့် အခက်အခဲများရှိလာကြောင်း ရောရွှေလီ ကြံစိုက်တောင်သူများအသင်းထံမှသိရသည်။

စီးပွားကူးသန်းဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က သကြားတွေ တရားမဝင် တင်သွင်းတဲ့ကိစ္စက လုံးဝကိုမရှိသင့်တဲ့ကိစ္စပါ။ အခုလည်း တရားမဝင် မှောင်ခိုတားဆီးရေး ဗဟိုအဖွဲ့ကြီး ရှိပါတယ်။ မူဆယ်နယ်စပ်မှာက တရားဝင်ကတစ်ပေါက်ပဲရှိတယ်။ တရားမဝင်အပေါက်တွေက အများကြီးပဲ။ မြဝတီဆိုလည်း တစ်ပေါက်ပဲ ရှိတယ်။ ဒါပေမယ့် တရားမဝင်အပေါက်တွေအများကြီးရှိလို့ ဘယ်လိုမှထိန်းချုပ်လို့မလွယ်တဲ့ အနေအထားဖြစ်နေတယ်။ ဒါကတော့ တားဆီးရမှာပေါ့။ ကျွန်တော်တို့လည်းလုပ်ရမှာပါဟုပြောသည်။ အခုနှစ် ကြံဈေးနှုန်းက အရင်နှစ်တွေထက် အဆမတန် ကျဆင်းနေတယ်။ ဂရိတ်ဝေါသကြားစက်ရုံကနေသကြားတွေ နိုင်ငံခြားကိုမရောင်းရတာရယ်၊ ပြည်တွင်းမှာ မရောင်းရတာရယ်ကြောင့် သကြားဈေးတွေဆက်တိုက်ကျဆင်းနေတာပါ။ ဒါကြောင့် ဒေသခံတောင်သူတွေဆီကနေ ကြံတွေကို ကုမ္ပဏီက ဈေးမြင့်ပေး မဝယ်နိုင်သလို ဖြစ်နေတယ်။ အခု တောင်သူတွေလည်းစားဝတ်နေရေးရော၊ ကလေးတွေရဲ့ ပညာရေးပါ အခက်အခဲပေါင်းစုံနဲ့ ရင်ဆိုင်နေရတယ်ဟု ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာနေတောင်သူ ဒေါ်စန္ဒာအေးကပြောသည်။ ကြံတစ်ဧကေ စိုက်ပျိုးလျှင် ရာသီဥတုကောင်းမွန်ပြီး အောင်မြင်ဖြစ်ထွန်းပါက တန် ၃၀ ကျော်ထွက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် သကြားတန်ချိန် ငါးသိန်းဝန်းကျင် ထွက်ရှိသည်။ ပြည်တွင်း ကြံရာသီအလိုက်ကြံတစ်တန် ဈေးနှုန်းများမှာ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်က တစ်တန်လျှင် ကျပ် ၅၀၀၀၀ ၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ကျပ် ၄၅၀၀၀၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ကျပ် ၄၁၅၀၀ နှင့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ကျပ် ၃၉၀၀၀ နှုန်းဖြင့် ရောင်းချနေရကြောင်း ကြံစိုက်တောင်သူများထံမှသိရသည်။ ပြည်တွင်း ကြံစိုက်တောင်သူများအတွက် သင့်တင့်သည့် ဈေးနှုန်းရောင်းချနိုင်ရေးအတွက် ပြည်ပက တရားမဝင် တင်သွင်းသူများကို ထိရောက်စွာ အရေးယူပေးရန် လိုအပ်သည်။

**Source:**https://www.facebook.com/thefarmermedia/photos/a.301081060006087/2517709128343258/?type=3&theater

## သစ်သီးဝလံ ပြည်ပတင်ပို့မှု တိုးတက်ရန် ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်




သစ်သီးဝလံကဏ္ဍက ပြည်ပဝင်ငွေ နှစ်စဉ်အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဝန်းကျင်သာရရှိနေပြီး နည်းပါးနေသည့်အတွက် ပိုမိုတိုးတက်တင်ပို့လာနိုင်စေရန် ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MFVP) ထံမှ သိရသည်။ သန်း ၁၀၀ ဆိုတာ ကျွန်တော်တို့နိုင်ငံအတွက် နည်းပါးတဲ့ ပမာဏတစ်ခုဖြစ်ပါတယ်။ တိုးတက်အောင်လို့လည်း ဈေးကွက်တွေ ရှာနေပါတယ်။ ပြည်တွင်းက ထွက်ရှိတဲ့ သီးနှံတွေကို ပြည်ပနိုင်ငံတွေကစိတ်ဝင်စားတာ ရှိပေမယ့် သူတို့လိုချင်တဲ့ ပမာဏတစ်ခုကို ကျွန်တော်တို့နိုင်ငံက မထုတ်ပေးနိုင်သေးဘူး။ သီးနှံတွေကိုအလှမ်းဝေးတဲ့ နိုင်ငံတွေကိုရောင်းပေးနိုင်ဖို့ ကျွန်တော်တို့အတွက် အခက်အခဲတွေရှိနေသေးတယ်ဟု MFVP အတွင်းရေးမှူး ဦးကျော်သူကပြောသည်။ လက်ရှိတွင် ပြည်တွင်း စိုက်ပျိုးထွက်ရှိသော သီးနှံများအနက် ရှစ်မျိုးကို တရုတ်သို့ တရားဝင်တင်ပို့ခွင့် ရရှိထားသော်လည်း သီးနှံလေးမျိုးသာ တင်ပို့နိုင်သေးသည်။ သီးနှံအများစုက မူဆယ်ကနေပဲသွားလို့ရတာကြောင့် လမ်းပိတ်ရင် အခက်အခဲတွေ ကြုံရလို့ တခြားလမ်းကြောင်းတွေကလည်း တင်ပို့နိုင်အောင် ကြိုးစားနေတယ်ဟုလည်း ၎င်းကပြောသည်။

ထို့ကြောင့် အစိုးရချင်း ချိတ်ဆက်ရောင်းချနိုင်သည့် ခိုင်မာသည့်ဈေးကွက် ဖြစ်လာရန်လိုအပ်ပြီး မူဆယ်ဈေးကွက် တစ်ခုတည်းကို မှီခိုရောင်းချခြင်းထက် တရုတ်ပြည်မကြီးအထိ ဈေးကွက်ထိုးဖောက်နိုင်ရန် ဆောင်ရွက်သင့်ကြောင်း၊ အာဆီယံနိုင်ငံများသို့လည်း တင်ပို့နိုင်ရန် နည်းပညာအကူအညီများ၊ ဈေးကွက်ချိတ်ဆက်မှုများလိုအပ်နေကြောင်း၊ အဆိုပါ ကဏ္ဍများမှာ တောင်သူတစ်ဦးတည်း ကြိုးပမ်း၍မရနိုင်ဘဲ ကူညီပံ့ပိုးမှုများစွာလိုအပ်နေကြောင်း ဥရောပဈေးကွက်သို့ စိန်တလုံး သရက်ကိုစတင်ထိုးဖောက် ရောင်းချနိုင်ခဲ့သူ မြိတ်ရတနာသရက်ခြံပိုင်ရှင် ဦးစိုးသန်းကသုံးသပ်သည်။ ဒီကဏ္ဍဖွံ့ဖြိုးဖို့ ဘက်ပေါင်းစုံက ပါဝင်ကူညီပူးပေါင်းဆောင်ရွက်မှုရပါမယ်။ စိုက်ပျိုးရေးကဏ္ဍက စိုက်တာနဲ့မပြီးဘူး။ ရောင်းတတ်ဖို့လိုလည်း လိုတယ်။ အစိုးရချင်း ညှိနှိုင်းဆောင်ရွက်ပေးမှရမယ့်ကိစ္စတွေရှိမယ်။ တောင်သူကိုယ်တိုင်လုပ်လို့မရတာတွေရှိတယ်။ တရုတ်ကိုပို့မယ်ဆို မူဆယ်တစ်ပေါက်ပဲဖွင့်ထားတယ်။ လေယာဉ်နဲ့ ကွမ်ကျိုးကိုပို့ချင်လည်းမရဘူး။ အစိုးရချင်း ညှိနှိုင်းမှုရမယ်။ ကုန်သည်ပိုင်းကလည်း ဈေးကွက်ရှာပေးရမယ်။ တောင်သူက တိုက်ရိုက်အရောင်းအဝယ်လုပ်ဖို့ အဆင်မပြေဘူး။ ကြားထဲက ကုန်သည်တွေ၊ ကုမ္ပဏီတွေကတစ်ဆင့်ချိတ်ဆက်ရောင်းချကြရမယ်။ တောင်သူဘက်က အရည်အသွေးကောင်းရင် ဘယ်မှာ ဖြစ်ဖြစ်ရောင်းလို့ရမယ်။ စိုက်ပျိုးတောင်သူဘက်ကလည်း အရည်အသွေးထိန်းကြရမယ်။ ရိတ်သိမ်းချိန်လွန်နည်းပညာကို ပိုကျွမ်းကျင်အောင် လုပ်ဖို့လည်းလိုမယ်ဟု ၎င်းက အကြံပြုသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/news/8008437

## အထက်မြန်မာပြည် ကောက်ပဲသီးနှံ နယ်စပ်ကုန်သွယ်မှု ၈၅ ရာခိုင်နှုန်း မန္တလေးမြို့မှ ဖြတ်သန်းတင်ပို့လျက်ရှိ

အထက်မြန်မာပြည် ကောက်ပဲသီးနှံကုန်စည်စီးဆင်းမှုနှင့်နယ်စပ်ကုန်သွယ်မှု၏ ၈၅ ရာခိုင်နှုန်းမှာ မန္တလေးမြို့မှ ဖြတ်သန်း သွားလာပြီးတင်ပို့နေခြင်းဖြစ်ကြောင်း ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေး ကုန်စည်ဒိုင်) ဥက္ကဋ္ဌ ဦးသက်တင်ထံမှသိရသည်။ မန္တလေးကုန်စည်ဒိုင်တွင် ကောက်ပဲသီးနှံအမျိုးပေါင်း ၆၀ ခန့်ကို ရောင်းဝယ်လျက်ရှိပြီး တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့လျက်ရှိရာ တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိသည့်အပြင် ရန်ကုန်မှတစ်ဆင့် ရေကြောင်းနှင့်တင်ပို့မှုများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ပွဲစားကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း(ကုန်စည်ဒိုင်)မှာ အသင်းဝင် ၁၇၀၀ ကျော်နဲ့ ကိုယ်စားလှယ်၂၃၀၀ ကျော်ရှိပါတယ်။ လက်ရှိ အရောင်းဝယ်လုပ်နေတာတော့ ဦးရေ ၅၀၀ နဲ့ ၁၀၀၀ ကြားမှာ ရှိပါတယ်။ လုပ်ကိုင်နေတဲ့သူတွေကတော့ အသင်းဝင်နဲ့ကိုယ်စားလှယ်ဖြစ်ပါတယ်ဟု ၎င်းကပြောဆိုသည်။

မန္တလေးမှ အဓိကတင်ပို့သည့်သီးနှံကုန်စည်များမှာ ပဲတီစိမ်း၊ နှမ်း၊ ပြောင်း၊ ဆန်နှင့် အခြားပဲမျိုးစုံတို့ဖြစ်ပြီး ယခင်က (မန္တလေးကုန်စည်ဒိုင်)အသင်းဝင်များက ကုန်ကြမ်းအဖြစ် (RAW)တင်ပို့ခဲ့ကြသော်လည်း ယခုအခါ ပြန်လည်သန့်စင်ပြီး (RC)သီးနှံများကို တင်ပို့ လာနိုင်သဖြင့် ယခင်ကထက် ဈေးကွက်ပိုမိုရရှိခြင်းနှင့် ပို့ကုန်ကဏ္ဍကို မြှင့်တင်နိုင်ခဲ့ကြောင်း သိရသည်။ ပို့ကုန်မြှင့်တင်နိုင်ရန် စီးပွား/ကူးသန်းဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီးITC ကတ်နှင့် ပို့ကုန်သွင်းကုန်လုပ်ဆောင်ခြင်း၊ သီးနှံများသိုလှောင်မှု နည်းစနစ်များဖြန့်ဝေခြင်း၊ GAP ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်း၊ FDA အသိအမှတ်ပြုစက် ၃၀ ကျော်အထိရရှိနိုင်အောင် တိုးမြှင့်နိုင်ခြင်း၊ ပြည်တွင်းပြည်ပ သီးနှံ

မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေစိုက်ပျိုးရာမှ အထွက်နှုန်းတိုးမြင့်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/129517.html

## ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ကျွဲ၊ နွားကောင်ရေသုံးသိန်းခန့် တင်ပို့နိုင်ခဲ့

ပြည်ပသို့ ကျွဲ၊ နွားတင်ပို့မှုအနေဖြင့် ၂၀၁၈--၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ကောင်ရေ သုံးသိန်းခန့်တင်ပို့နိုင်ခဲ့ကြောင်း အောက်တိုဘာ ၁၀ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုစာရင်းများအရသိရသည်။ အခုလောလောဆယ်မှာတော့ ကျွဲ၊ နွား ကုန်သွယ်ရေးအခြေအနေကမကောင်းသေးဘူး။ တရုတ်ဝယ်လက်တွေ လာမဝယ်ကြတာ။ ပို့လည်း ကြိုးကြားကြိုးကြားပဲပို့ကြတာ။ အဲဒါတောင် အောက်ဈေးနဲ့ ဝယ်တာ။ တချို့ကျတော့ ကုမ္ပဏီသက်တမ်းကုန်တော့မှာဆိုတော့ မဖြစ်မနေပို့လိုက်တာတွေပဲရှိတယ်။ တစ်ရက်ကို ရာဂဏန်းဝယ်တာ မရှိတော့ဘူး။ အများဆုံး အကောင် ၂၀၊ ၃၀ လောက်ပဲ ရောင်းရတော့တယ်ဟု မူဆယ်မြို့မှ ကျွဲ၊ နွားကုန်သည် မခါးက ပြောဆိုသည်။

တင်ပို့နိုင်သည့် ကောင်ရေသုံးသိန်းခန့်ထဲတွင် ကျွဲ ၃၀၈၃၃ ကောင် တင်ပို့နိုင်ကာ တင်ပို့ငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၀၈၃ သန်း၊ နွား ၂၆၁၈၁၁၉ ကောင် တင်ပို့နိုင်ပြီး တင်ပို့ငွေ အမေရိကန်ဒေါ်လာ ၃၁၄ ဒသမ ၁၈၁ သန်းရရှိထားခြင်း ဖြစ်သည်။ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်သို့ တရုတ်ကုန်သည်များ လာရောက်မဝယ်ယူသောကြောင့် ယခင်က တစ်ရက်လျှင် ကျွဲ၊ နွား ကောင်ရေ ၁၀၀ ကျော် တင်ပို့ရောင်းချနိုင်သော်လည်း လက်ရှိတွင် ခိုင်းစေရန်နှင့် သားသတ်ရန်အတွက် တစ်ရက်လျှင် ကျွဲ၊ နွားကောင်ရေ ၂၀ ခန့်သာ တင်ပို့ရောင်းချနိုင်တော့ကြောင်း ကျွဲ၊ နွားကုန်သည်များထံမှ သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ ကျွဲ၊ နွားများကို တရုတ်နိုင်ငံသို့ အဓိက ထား တင်ပို့နေခြင်းဖြစ်ပြီး ရောင်းလိုအားနှင့် ဝယ်လိုအားအရ ဖြစ်ပေါ်နေသော လွတ်လပ်သည့်ဈေးကွက်ကို ဖော်ဆောင်နိုင်ရန်နှင့် တရားမဝင် တင်ပို့နေမှုများ တရားဝင်လမ်းကြောင်းပေါ်ရောက်ရှိစေရန် ပြည်ပသို့ ကျွဲ၊ နွားအရှင် တရားဝင်တင်ပို့ခွင့်ကို ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ခွင့်ပြုပေးလိုက်ခြင်း ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/129518.html

## ယမန်နှစ်ဈေးနှင့်နှိုင်းယှဉ်လျှင်မကွေးလျှော်ဖြူဈေးကွက် ထက်ဝက်ကျော်ကျဆင်းသွား

တရုတ်ဝယ်လက်ကို မှီခိုနေရသည့် လျှော်ဖြူဈေးကွက်မှာ အကျဘက်သို့ဦးတည်နေပြီး မကွေးတိုင်းအတွင်း လျှော်ဖြူဈေးကွက်မှာ ယမန်နှစ်ကဈေးနှုန်းနှင့်နှိုင်းယှဉ်လျှင် ထက်ဝက်ကျော်ကျဆင်းသွားခဲ့ကြောင်း ဒေသတွင်းအဝယ်ဒိုင်များမှ သိရသည်။ ၂၀၁၈ခုနှစ် အောက်တိုဘာလဆန်းပိုင်းက လျှော်ဖြူတစ်ပိဿာဈေးမှာ လေးသောင်းကျပ်ခန့်ပေါက်ဈေးရှိခဲ့သော်လည်း ယခုနှစ်လတ်တလော ပေါက်ဈေးမှာ တစ်သောင်းခြောက်ထောင်ကျပ်ထိ သိသိသာသာ ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။ လျှော်ဖြူကို ပစ္စည်းသန့်၊ မသန့် ၊ အရောင်အနေအထားနဲ့ ဈေးကွက်အကြိုက်ပေါ်လိုက်ပြီး အမျှင်၊ အခဲ အခြေအနေတွေပေါ်မှာ ဈေးဖြတ်ပါတယ်။ စိုက်ခင်းတွေက လာရောင်းတာရှိသလို သဘာဝတောတွေထဲ ပေါက်ရောက်နေတဲ့ လျှော်ဖြူပင်ကြီးတွေကနေ စုဆောင်းပြီးလာရောင်းတဲ့သူတွေလည်းရှိပါတယ်။ ဈေးကတော့ အကျဘက်ရောက်နေတယ်ဟု မကွေးမြို့ မှ လျှော်ဖြူအရောင်းအဝယ်လုပ်ကိုင်သူ ကိုဌေးလွင်ကပြောသည်။

မင်းဘူးမြို့လျှော်ဖြူပေါက်ဈေးမှာတစ်ပိဿာငါးထောင်မှတစ်သောင်းခြောက်ထောင်ထိရှိနေသည်ဟု ယေဘူယျဆိုနိုင်သော်လည်း နိုင်ငံခြားဝယ်လက်အကြိုက် ကြာဆံမျှင်လျှော်ဖြူဈေးမှာ တစ်ပိဿာ တစ်သိန်းခွဲမှ နှစ်သိန်းဝန်းကျင်ထိ ပေါက်ဈေးရှိနေကြောင်း အဝယ်ဒိုင် ကိုရန်လင်းအောင်ထံမှသိရသည်။ လျှော်ဖြူကို ကေရာနဲ့ချိုးပြီးစိုက်တဲ့ ပခုက္ကူမြို့က လုပ်ငန်းရှင် ကိုလပြည့် ဂျပန်နိုင်ငံ SME ပြပွဲမှာ မြန်မာပြည်က လျှော်ဖြူတွေသွားပြတယ်။ ဒီကဈေးနဲ့ ခြောက်ဆ တစ်ဆလောက်ကွာတယ်။ ဈေးပိုရတယ်။ ဒါပေမယ့် အော်ဂင်းနစ်သီးနှံဖြစ်ရမယ်တဲ့။ အရေအတွက်ထက် အရည်အသွေးကို ပိုပြီးဂရုစိုက်မယ်ဆိုရင်ဂျပန်ကိုဈေးကောင်းကောင်းနဲ့ပို့လို့ရပြီ။ တရုတ်ဈေးကွက်ကိုမှီခိုစရာ မလိုတော့ဘူးပေ့ါ ” ဟုမင်းဘူးမြို့မှ လျှော်ဖြူဝယ်ရောင်းလုပ်ကိုင်သူ ကိုမိုးကျော်ကဆိုသည်။ မကွေးတိုင်းတွင် မြေလွတ်မြေရိုင်းများ ၊ ယာမြေများ ၊ ပုဂ္ဂလိက သစ်တောစိုက်ခင်းများ၌ လျှော်ဖြူစိုက်ခင်းထူထောင်သူ တိုးပွားလာနေပြီး (၁၀)ဧက စိုက်ခင်းတစ်ခုလျှင် မြေတန်ဖိုးမပါ သိန်းရာနှင့်ချီ၍ ရင်းနှီးမြုပ်နှံမှုများရှိနေကြောင်း ၊ ဈေးကွက်အနေအထား အောက်ဆုံးထိထိုးကျ၍ တစ်ပိဿာ ငါးထောင်ကျပ် ဖြစ်နေစေကာမူ နှစ်ရှည်အကျိုးခံစားနိုင်သောကြောင့် အမြတ်အစွန်းစိတ်ချရကြောင်း မကွေးဒေသခံ စိုက်ပျိုးရေးလုပ်ကိုင်သူ ကိုအောင်ငြိမ်းကသူ၏အမြင်ကိုပြောပြသည်။

**Source:** https://www.facebook.com/aungsoethufirstmediagroup/

## ဝါအသစ်ပေါ်ချိန် တရုတ်က ဝယ်ယူမှု နည်းနေသေး၍ တစ်ပိဿာလျှင် ၄၀၀ ကျပ်ကျော် ကျဆင်း

ယခုနှစ် ဝါအသစ်ပေါ်ချိန် တရုတ်ဝယ်ယူမှုနည်းနေခြင်းကြောင့် ယခင်နှစ် အောက်တိုဘာလ ကာလတူနှင့် နှိုင်း ယှဉ်ပါက တစ်ပိဿာလျှင် ၄၅၀ ကျပ်ခန့် ကျဆင်းနေကြောင်း ဝါစိုက်တောင်သူများထံမှသိရသည်။ လက်ရှိတွင် စိုက်ပျိုးမှုများသည့် မန္တလေး၊ မကွေး၊ စစ်ကိုင်းနှင့် နေပြည်တော်တို့တွင် ဝါအသစ်များက ရန်ကုန်၊ မန္တလေးနှင့် မူဆယ်ဈေးကွက်သို့ ဝင်ရောက်နေကြောင်းသိရသည်။ နေပြည်တော်၊ တပ်ကုန်းမြို့နယ်ရှိ တောင်သူဦးလွင်ဦးက မနှစ်က ဒီအလိုအချိန်တုန်းက ဝါတစ်ပိဿာကို ကျပ် ၁၃၀၀ ကနေ ၁၄၀၀ ကြားရရှိတယ်။ မနှစ်က ဈေးနှုန်းကြောင့် ဒီနှစ်ဝ ါတွေ တိုးတက်စိုက်ထားကြတယ်။ တစ်ဧကကို ဝါတစ်ခါကောက်ရင် ပိဿာချိန် ၆၀ လောက်အထိ ထွက်လာတယ်။ မနှစ်ကထက်စာရင် ၅ ပိဿာ လောက် ပိုထွက်တယ်။ မနှစ်က ကြွက်တွေဖျက်ဆီးခဲ့လို့ အထွက်ကျဆင်းခဲ့တယ်ဟုပြောသည်။ တောင်သူများက ယခုနှစ်အတွင်း ငွေခြည်- ၆ ချည်မျှင်ရှည်ဝါ အမျိုးအစားကို ပိုမိုစိုက်ပျိုးထားကြောင်း၊ ထိုဝါသီးနှံသည် မျိုးဗီဇပြုပြင်ထားသော ဝါအမျိုးအစားဖြစ်ခြင်းကြောင့် အထွက်နှုန်းမြင့်မားစွာရရှိခြင်း၊ သွင်းအားစုကုန်ကျစရိတ်လျော့ကျခြင်း၊ အကျိုးအမြတ်ပိုမိုရရှိခြင်းနှင့် ပိုးသတ်ဆေး အန္တရာယ် လျော့ကျသွားခြင်း အကျိုးကျေးဇူးများရရှိကြောင်းသိရသည်။

မန္တလေးရှိ ဝါကုန်သည် ဦးအောင်ကျော်ကျော် တရုတ်ဘက်ကို ကုန်ကြမ်းအတိုင်းသွားတယ်။ သူတို့ဝယ်တာ နည်းနေသေးလို့ ဈေးမတက်သေးတာပါ။ ဝါပေါ်စအချိန်ကတော့ ကျဆင်းတာပဲ။ နောက်လနိုဝင်ဘာလ လောက်ဆိုရင် တရုတ်က နှစ်စဉ် ဝါအဝယ်များတော့ ဈေးပြန်တက်လာနိုင်တယ်။ တရုတ်က ရွှေချည်ငွေချည် ဝါကိုပိုကြိုက်နှစ်သက်တယ်။ တောင်သူတွေအနေနဲ့ ဈေးတက်မယ့်အချိန် စောင့်ဆိုင်းရောင်းချနိုင်ရင်တော့ အဆင်ပြေမှာပါဟုပြောသည်။ ငွေချည်-၆ ချဉ်မျှင်ချဉ်ဝါကို မန္တလေး၊ နေပြည်တော် တပ်ကုန်း၊ ပျော်ဘွယ်၊ ရမည်းသင်း၊ စလေ၊ ချောက်၊ အောင် လံ၊ ပေါင်းတည်နှင့် ဝက်ထီးကန်ဒေသများမှာ အများဆုံးစိုက်ပျိုးကြပြီး တရုတ်ဈေးကွက်သို့ အဓိကတင်ပို့ ရောင်းချလျက်ရှိကြောင်းသိရသည်။ ပြီးခဲ့သည့်နှစ် မိုးနှောင်းဝါပေါ်ချိန်တွင် ဝါတစ် ပိဿာလျှင် ၁၄၅၀ ကျပ် ဈေးပေါက်ခဲ့ပြီး ဝါဂွမ်းတစ်ပိဿာလျှင် ၃၂၀၀ ကျပ်မှ ၃၆၀၀ ကျပ်ထိ ဈေးပေါက်ခဲ့သည်။ မြန်မာနိုင်ငံ၌ ဝါစိုက်ဧကပေါင်း ၅၅၀၀၀၀ ကျော်တွင် တစ်ဧကပျှမ်းမျှအထွက်နှုန်း ၄၃၆ဒသမ၀၂ ပိဿာရှိကြောင်း၊ ချဉ်မျှင်ရှည်ဝါ မျိုးကောင်းမျိုးသန့် မျိုးပွားခြင်းကို ဝါသီးနှံသုတေသနနှင့်နည်းပညာ ဖွံ့ဖြိုးရေးခြံများနှင့်မျိုးသန့်ခြံများတွင် ဧကပေါင်း ၆၄၀ ကျော်တွင် စိုက်ပျိုးထားကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2497814533637361?__tn__=K-R

## ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များ နယ်သာလန်နှင့်ကနေဒါနိုင်ငံများမှ နည်းပညာအကူညီများတောင်းခံနိုင်

ပြည်တွင်း ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းရှင်များ အနေဖြင့် နယ်သာလန်နှင့် ကနေဒါနိုင်ငံ အဖွဲ့အစည်းများထံမှ နည်းပညာ အထောက်အပံ့များ လျှောက်ထားတောင်းခံနိုင်ကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ထံမှ သတင်းရရှိသည်။ လက်ရှိတွင် ဈေးကွက်ဝင် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ အရည်အသွေး ကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့် နည်းပညာဆိုင်ရာ အကြံပေးမှုများနှင့် လုပ်ငန်းခွင်အတွင်း ကြုံတွေ့နေ ရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် နယ်သာလန်နိုင်ငံ PUM Netherlands Senior Expert အဖွဲ့နှင့် ကနေဒါနိုင်ငံ Canadian Executive Service Organization (CESO) အဖွဲ့အစည်းများထံမှ လိုအပ်သည့် Form ပုံစံများတွင် ဖြည့်စွက်ကာ စက်မှုကြီးကြပ်စစ်ဆေးရေး တိုင်း/ ခရိုင်ရုံးများမှ တစ်ဆင့် လျှောက်ထားနိုင်ကြောင်း သိရသည်။ လုပ်ငန်းရှင်တွေအနေနဲ့ လိုအပ်တဲ့ နည်းပညာဆိုင်ရာ အကြံပေးမှုနဲ့ လုပ်ငန်းခွင်အတွင်း ကြုံတွေ့နေရတဲ့ အခက်အခဲတွေ ဖြေရှင်းနိုင်ဖို့အတွက် ပြည်ပ အဖွဲ့အစည်းတွေကပါ နည်းပညာတောင်းခံနိုင်ပါတယ်ဟု အဆိုပါ ဦးစီးဌာနရှိ နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာန၏ ဌာနခွဲမှူး ဒေါ်အိအိခိုင်ကပြောသည်။

လက်ရှိအချိန်တွင် PUM Netherlands Senior Expertsအဖွဲ့အစည်းမှ နည်းပညာ ထောက်ပံ့ပေးနိုင်သည့် လုပ်ငန်းကဏ္ဍ ၇ မျိုးမှာ စားသောက်ကုန် ထုတ်လုပ်သည့်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ၊ Hotel နှင့် Tourism ဝန်ဆောင်မှု လုပ်ငန်းများ၊ စိုက်ပျိုးရေး အခြေခံ သစ်သီးဝလံပန်းမန် စိုက်ပျိုးမှုဆိုင်ရာ နည်းပညာများ၊ ရာဘာ အခြေခံ ထုတ်ကုန်များ၊ လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းများနှင့် စီးပွားရေး စီမံခန့်ခွဲမှုဆိုင်ရာများ၊ ကုန်ထုတ်လုပ်မှု စီမံခန့်ခွဲမှုဆိုင်ရာများဖြစ်ကြောင်း သိရသည်။ အဆိုပါ လုပ်ငန်းများနှင့် ပတ်သက်သည့် နည်းပညာ အကူအညီများကို သက်ဆိုင်ရာနယ်ပယ်တွင် နှစ် (၃၀) ကျော်ကြာ နိုင်ငံတကာ အတွေ့အကြုံရှိသည့် ပညာရှင်များမှ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ကနေဒါနိုင်ငံ Canadian Executive Service Organization (CESO) အဖွဲ့အစည်းမှလည်း မြန်မာနိုင်ငံရှိ SMEလုပ်ငန်းများအား ကူညီထောက်ပံ့ ပေးနိုင်ရန် Workshop များကို ကျင်းပပေးနေကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2489910394427775?__tn__=K-R

## အိန္ဒိယပဲကုမ္ပဏီများ မြန်မာ့ပဲအား သတ်မှတ်နှုန်းထားထက်ပိုမိုဝယ်ယူနေ၍ ပြည်တွင်းပဲဈေးပြန်တက်

အိန္ဒိယပဲကုမ္ပဏီများက အိန္ဒိယပြည်နယ် အစိုးရခွင့်ပြုချက်ဖြင့် မြန်မာ့ပဲအား သတ်မှတ်နှုန်းထားထက် ပိုမိုဝယ်ယူနေ၍ ပြည်တွင်းပဲဈေးပြန်တက်လာကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှသိရသည်။ လက်ရှိကတော့ အိန္ဒိယကုမ္ပဏီတွေက သူတို့သတ်မှတ်ထားတဲ့ ကိုတာကိုတော့ ဝယ်ယူပြီးသလောက်ဖြစ်သွားပြီ။ ဝယ်ယူပြီးတော့ အောက်တိုဘာ ၂၁ ရက်လောက်မှာ နောက်ဆုံးဖိုင်နယ်တင်ပို့မယ်။ ဒါပေမဲ့ လက်ရှိမှာ အိန္ဒိယကုမ္ပဏီတွေက သူတို့ပြည်နယ်တွေကနေ ခွင့်ပြုချက်နဲ့ ဝယ်ယူခွင့်ရတဲ့ကုမ္ပဏီတွေက ပဲကိုထပ်ပြီးတော့ ဝယ်နေတာတွေ့ရတယ်။ ပထမဝယ်ယူခွင့်ခွဲတမ်းဖြစ်တဲ့ တန်ချိန်တစ်သိန်းခွဲကတော့ ဝယ်ယူပြီးသွားလို့ နောက်ဆုံးဖိုင်နယ်တင်ပို့ဖို့လုပ်နေတယ်။ အဲဒီအပြင် သူတို့ပြည်နယ်အစိုးရရဲ့ ခွင့်ပြုချက်နဲ့ ဝယ်ယူခွင့်ရတဲ့ပဲတွေကို ထပ်ပြီးတော့ဝယ်ယူနေတယ်။ အဲဒီအတွက် ပြည်တွင်းမှာ ပဲဈေးတွေ ပြန်တက်လာတယ်ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက အောက်တိုဘာ ၁၄ ရက်က မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ ပဲတိုက်ရိုက်တင်ပို့ရာတွင် ဘဏ်စနစ် များကြောင့် အဆင်မပြေနိုင်သေးကြောင်း၊ ထို့ကြောင့် အိန္ဒိယကုမ္ပဏီများကို အဓိကထား တင်သွင်း ခွင့်ပြုခြင်းဖြစ်ကာ အဆိုပါ မြန်မာနိုင်ငံမှ ပဲတင်သွင်းခွင့်တင်ထားသည့် အိန္ဒိယ ပဲကုမ္ပဏီ ၆၀၀၀ ခန့်ကိုစိစစ်ပြီး ကုမ္ပဏီ ၁၁၀၀ ကျော် အား ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။ လက်ရှိမှာ မတ်ပဲက ငွေကျပ် ၈၉၀၀၀၀ လောက်ပြန်ဖြစ်လာတယ်။ ပြီးခဲ့တဲ့အပတ်လောက်က ငွေကျပ် ၈၄၀၀၀၀ လောက်ပဲရှိခဲ့တာ။ ပဲစင်းငုံကတော့လက်ရှိငွေကျပ် ၈၁၀၀၀၀ လောက်ပဲရှိတယ်။ မတ်ပဲတစ်ခုကတော့ လိုအပ်ချက်ရှိတယ်။ ပြည်နယ်အစိုးရ ခွင့်ပြုမိန့်နဲ့ ပြန်ဝယ်တဲ့အတွက် ဈေးက ပြန် တက်သွားတာ။ ပဲထပ်ဝယ်ယူမှုက အကန့် အသတ် ရှိလားဆိုတာတော့မသိဘူး။ အိန္ဒိယအစိုးရရဲ့ပေါ်လစီက ဘာမှန်းကိုအတိအကျမသိသေးဘူး။ လေ့လာနေတုန်းပဲရှိတယ်ဟု ဦးမင်းကိုဦးကပြောဆိုသည်။

အိန္ဒိယနိုင်ငံအစိုးရက ၂၀၁၇ ခုနှစ် ဩဂုတ်လမှစတင်ကာ ပြည်ပပဲတင်သွင်းခွင့်ကို ကန့်သတ်ခဲ့ရာ မြန်မာပဲတောင်သူများနှင့် ပဲကုန်သည်များ အခက်တွေ့ခဲ့ရသည်။ ထို့ကြောင့် ပဲဈေးကွက်တည်ငြိမ်ရေးနှင့် အကြောင်းအားလျော်စွာ ပဲဈေးကျဆင်းခဲ့ပါက ကောင်းမွန်စွာဖြေရှင်းနိုင်ရန်အတွက် စီးပွား/ကူးသန်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ပဲနှမ်းအသင်း ကုန်စည်ဒိုင်တို့ ညှိနှိုင်းဆွေးနွေးမှုမူကြမ်းအရ အိန္ဒိယနိုင်ငံသို့ ခွဲတမ်းစနစ် သီးသန့်ရရှိရန်တောင်းဆို၍ ပြည်တွင်း၌ငွေကြေးလိုအပ်ချက်များအရ SME ချေးငွေများကို နိုင်ငံတော်အစိုးရက ချပေးနိုင်ရန်နှင့် ပဲဈေးများကျဆင်းခဲ့ပါက ကုန်သည်များက ပဲဈေးကိုထိန်းညှိဝယ်ယူရေးတို့ကိုပြင်ဆင်ခဲ့ကြောင်းသိရသည်။

**Source: The Myanmar Times**

https://www.facebook.com/dootcheck.aleksander/posts/2373883289531614

## STOCK EXCHANGE (16.10.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 16th Oct. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 12,000 | 12,000 | 11,500 | 1,828 | 21,856,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,100 | +150 | +3.80% | 4,100 | 4,200 | 4,100 | 10,784 | 44,697,300 | 38,929,150 | 159,610 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 23,500 | +0 | +0.00% | 23,500 | 23,500 | 23,500 | 373 | 8,765,500 | 2,472,053 | 58,093 |
| TMH | 00005 | 3,000 | +50 | +1.69% | 2,900 | 3,000 | 2,900 | 124 | 363,600 | 12,823,224 | 38,470 |

## Market summary

As of 16th Oct. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 487.73 | +14.64 | +3.09% | 476.89 | 489.63 | 476.89 | 13,109 | 75,682,400 | 5 | 667,854 |

### Index chart




# Market Overview

As of 1:00 pm, 16th Oct. 2019

| MYANPIX | 487.73 ▲ 14.64 |
|---|---|
| Total Volume (shares) | 13,109 |
| Total Value (MMK) | 76 mil |
| Listed Company | 5 |
| Market Cap. (MMK) | 667,854 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 500 |
| MTSH | 00002 | 4,100 | ▲ 150 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 23,500 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 50 |